# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အခွန်အယူခံခုံအဖွဲ့

### ညွှန်ကြားလွှာအမှတ်၊ ၃ /၂၀၂၀

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၁ ရက်)

အကြောင်းအရာ။ **COVID-19 ကူးစက်ရောဂါ ကူးစက်ပြန့်ပွားနေသည့် ကာလအတွင်း ခုံအဖွဲ့သို့ အမှုတင်သွင်းခြင်းနှင့် စပ်လျဉ်း၍ လိုက်နာရန်ကိစ္စ**

ရည်ညွှန်းချက်။ နေပြည်တော်ကောင်စီ၏ (၁-၉-၂၀၂၀) ရက်စွဲပါ အမိန့်အမှတ် (၉၄/၂၀၂၀)

၁။ အခွန်အယူခံ ခုံအဖွဲ့ဥက္ကဋ္ဌသည် အခွန်အယူခံခုံအဖွဲ့နည်းဥပဒေ ပုဒ်မ ၃(က) အရ ခုံအဖွဲ့ အဖွဲ့ဝင်များနှင့် ခုံအဖွဲ့ရုံး အဆင့်ဆင့်ဝန်ထမ်းများအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းတို့ကို ဆောင်ရွက်ရန် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤညွှန်ကြားလွှာကို ထုတ်ပြန်လိုက်သည်။

၂။ ခုံအဖွဲ့သို့ အမှုတင်သွင်းခြင်းနှင့် စပ်လျဉ်း၍ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၁၉(က) တွင် "ခုံအဖွဲ့သို့ အမှုတင်သွင်းသူသည် မိမိ၏အမှုကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အကျိုးဆောင်ရှေ့နေဖြင့်ဖြစ်စေ သတ်မှတ်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ တင်သွင်းလျှောက်ထားနိုင်သည်။" ဟုလည်းကောင်း၊ ပုဒ်မ ၂၀ တွင် " မှတ်ပုံတင်အရာရှိသည် သတ်မှတ်ချက်များနှင့် ပြည့်စုံသည့် အမှုတွဲများကို သတ်မှတ်ရက်အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။" ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၃။ သို့ရာတွင် ရည်ညွှန်းပါစာအရ ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်များတွင် နေထိုင်သူများအနေဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သို့ လာရောက်ပါက နေပြည်တော်ကောင်စီမှ သတ်မှတ်ထားသောနေရာတွင် သတ်မှတ်ထားသောကာလအထိ Community Based Facility Quarantine နေထိုင်ရန်လိုအပ်ခြင်း၊ ရောဂါပိုး ရှိ မရှိ စစ်ဆေးမှု ခံယူရန်လိုအပ်ခြင်း၊ ဓါတ်ခွဲစစ်ဆေးရာ၌ ကုန်ကျမည့်စရိတ်အား ကာယကံရှင် မှ ကျခံစေခြင်း တို့ကို လိုက်နာစေရန် နေပြည်တော်ကောင်စီမှ ထုတ်ပြန်ကြေညာထား

ပါသည်။ ထို့အပြင် ရည်ညွှန်းစာပါ အပိုဒ် ၄ အရ အထက်ပါ လာရောက်သူများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်ပြီးမြောက်သည်နှင့် နေရပ်သို့ ပြန်လည်ထွက်ခွာရေး လိုအပ်သည်များ ကြပ်မတ်ဆောင်ရွက်သွားရန်လည်း ထုတ်ပြန်ထားပါသည်။

၄။ သို့ဖြစ်ပါ၍ အထက်အပိုဒ် ၃ ပါ ပြဋ္ဌာန်းချက်အရ အယူခံလျှောက်ထားသူများ အခက်အခဲမဖြစ်စေရေးနှင့် နိုင်ငံသားနှင့်အခွန်ထမ်းတို့၏ ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် ပွင့်လင်းမြင်သာသောအယူခံပိုင်ခွင့် မဆုံးရှုံးစေရန် ရည်ရွယ်၍ **COVID-19 ကူးစက်ရောဂါ ကူးစက်ပြန့်ပွားနေသည့်ကာလအတွင်း** ခုံအဖွဲ့သို့ အမှုတင်သွင်းခြင်းနှင့် စပ်လျဉ်း၍ အမှုတင်သွင်းသူသည် မိမိ၏အမှုကိုကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ အကျိုးဆောင်ရှေ့နေဖြင့် ဖြစ်စေ သတ်မှတ်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ တင်သွင်းစေခြင်းအပြင် မှတ်ပုံတင်အရာရှိထံ လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ အမြန်ချောပို့လုပ်ငန်းများမှဖြစ်စေ အမှုတင်သွင်းလာပါကလည်း လက်ခံပေးသွားရန် ဖြစ်သည်။

၅။ ဤညွှန်ကြားလွှာသည် နေပြည်တော်ကောင်စီ၏ အမိန့်အမှတ် (၉၄/၂၀၂၀) အရ သတ်မှတ်ထားသော (၂-၉-၂၀၂၀) ရက်နေ့မှစ၍ နိုင်ငံတော်မှ နောက်ထပ် အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်သည်အထိ အကျိုးသက်ရောက်စေရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

(ဝင်းတင်)
ဥက္ကဋ္ဌ
အခွန်အယူခံခုံအဖွဲ့

စာအမှတ် ၊ အခယ /၃ - အမ ( ၈၄ / ၂၀၂၀)
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၁ ရက်

ဖြန့်ဝေခြင်း

- အဖွဲ့ဝင်များအားလုံး၊ အခွန်အယူခံခုံအဖွဲ့၊
- ညွှန်ကြားရေးမှူးချုပ်၊ အခွန်အယူခံခုံအဖွဲ့ရုံး၊
- မှတ်ပုံတင်အရာရှိ၊ အခွန်အယူခံခုံအဖွဲ့ရုံး၊

မိတ္တူကို

- ရုံးလက်ခံ/မျှောစာတွဲ